Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာ ဇူလိုင်လ ၂၀၁၇



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးတက္ကသိုလ်၌ ပို့ချသော လူ့အခွင့်အရေး ဆိုင်ရာ ဟောပြောပွဲ၌ ကျောင်းသူတစ်ဦးမှ မေးခွန်းများ မေးမြန်း

## လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲများပို့ချပေးခြင်း

### ပဲခူးတက္ကသိုလ်တွင် လူ့အခွင့်အရေးဆိုင်ရာဟောပြော၊ ဆွေးနွေးပွဲ ကျင်းပ ပြုလုပ်ခြင်း

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ ၈၈ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း (ပဲခူး) နှင့် ပဲခူးတက္ကသိုလ် ကျောင်းသားသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) တို့မှ ကြီးမှူးကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး၊ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်တွင် ဇူလိုင်လ ၁၃ ရက်နေ့၊ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲ၌ အခမ်းအနားမှူးအဖြစ် ဦးအောင်မျိုးကျော်မှ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ သယံဇာတ နှင့် သစ်တောရေးရာဝန်ကြီး ဦးကျော်မင်းစံ၊ ပဲခူးတက္ကသိုလ် ပါမောက္ခ ချုပ် ဒေါက်တာမင်းအောင် တို့မှ အဖွင့်အမှာစကား ပြောကြားပေးခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ ဦးဘိုကြည်၊ ၈၈ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီး၊ လူ့အခွင့်အရေး သင်တန်းနည်းပြ ဦးစောသန်းလှိုင် တို့မှ ဟောပြောခဲ့ကြပြီး၊ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများမှ သိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြပါသည်။ ဟောပြောပွဲပြီးဆုံးပြီးနောက် ပဲခူးတက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ကိုမျိုးဆက်ပိုင်မှ ကျေးဇူးတင် စကား ပြန်လည်ပြောကြားခဲ့ပါသည်။ ဟောပြောပွဲသို့ ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း (၇၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းပို့ချခြင်း

### မွန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (မွမ်းမံ)သင်တန်းပို့ချခြင်း

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (မွမ်းမံ)သင်တန်းကို နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ ဇူလိုင်လ ၄ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့ထိ ၁၂ ရက်တာ ပို့ချပေးခဲ့သည်။ မွမ်းမံသင်တန်းသို့ ပထမအကြိမ် အခြေခံသင်တန်းတက်ရောက်ပြီးသော သင်တန်းသူ၊ သင်တန်းသားများတက်ရောက်ပြီး စုစုပေါင်း ၂၅ ဦးတက်ရောက်ခဲ့ကြသည်။ သင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်းနည်းပြ ဦးစောသန်းလှိုင်နှင့် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်း နည်းပြ ကိုစိုင်းမြင့်သူတို့မှ သင်တန်းပို့ချပေးခဲ့သည်။ သင်တန်းတက်ရောက်သူများသည် တအာင်း၊ ကချင်၊ ရှမ်း-ဗမာ၊ မွန် တိုင်းရင်းသားများဖြစ်ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ တအာင်းလူငယ်၊ တောင်သူလယ်သမားသမဂ္ဂ၊ ၈၈ မျိုးဆက်စသည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များဖြစ်ကြသည်။



မွန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်တွင်ကျင်းပပြုလုပ်သော အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (မွမ်းမံ)သင်တန်း

# စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း

## အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပွဲ

ဇူလိုင်လ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ဦးဘိုကြည်၊ ဦးအောင်မျိုးကျော်၊ ဦးကျော်စိုးဝင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ ဦးယုလွင်အောင်၊ ဦးညွန့်ရွှေ၊ ဦးခင်မောင်လေးတို့ တွေ့ဆုံခဲ့ကြပြီး အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



AAPP နှင့် MNHRC အဖွဲ့ဝင်များ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

## AAPP နှင့် Burma Desk Officer(London) တို့ တွေ့ဆုံ၊ ဆွေးနွေး

ဇူလိုင်လ ၂၁ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း(AAPP)ရုံးသို့ Mr Benjamin (Burma Desk Officer from London) နှင့် အင်္ဂလန်သံရုံးမှ မသဉ္ဇာတို့ လာရောက်ခဲ့ကြပြီး AAPP မှ ဦးဘိုကြည်၊ ဦးအောင်မျိုးကျော်၊ ကိုဇော်မိုး၊ မခင်ငြိမ်းချမ်းစိုးတို့နှင့် တွေ့ဆုံခဲ့ကာ AAPP လုပ်ဆောင်နေသည့် ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် AAPP မှ ပြသထားသည့် ပြခန်းငယ်အား လေ့လာခဲ့သည်။



AAPP နှင့် Mr Benjamin (Burma Desk Officer from London) တို့ တွေ့ဆုံ၊ဆွေးနွေး

# စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်

## Common Elements Treatment Approach (CETA) သင်တန်းပို့ချခြင်း

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)၏ စိတ်ဓာတ် ပြန်လည်မြှင့်တင်ရေးအစီအစဉ် (MHAP) မှ Mental Health Counseling Pilot Program အဖြစ် Population Services International (PSI) အဖွဲ့အစည်းမှ ဝန်ထမ်းခုနစ်ဦး (ကြီးကြပ်ရေးမှူး တစ်ဦးနှင့် ကောင်ဆယ်လာ ခြောက်ဦး ) တို့အား ဇူလိုင်လ ၄ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့ထိ CETA Counseling သင်တန်းကို ပို့ချပေးခဲ့ သည်။ MHAPမှ Chief Clinical Supervisor ဦးကျော်စိုးဝင်း၊ သင်တန်းနည်းပြများဖြစ်ကြသော ကိုထင်အောင်၊ မခင်ငြိမ်းချမ်းစိုးတို့မှ သင်တန်းပို့ချပေးခဲ့သည်။



CETA Counseling သင်တန်း၌ သင်တန်းတက်ရောက်ကြသူများနှင့် သင်တန်းပို့ချပေးသူများ

## နှစ်သိမ့်ဆွေးနွေးခြင်းအစီအစဉ်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)၏ စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်တစ်ခုဖြစ်သည့် Mental Health Assistance Program (MHAP) မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကြီးကြပ်အုပ်ချုပ်သော ရန်ကုန်မြို့ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေးဌာနနှင့် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းသို့ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သွားရောက် လည်ပတ်လျက် ရှိသည်။ MHAP မှ ကောင်ဆယ်လာ နှစ်ဦးသည် အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်းမှ နှစ်သိမ့်ဆွေးနွေးရန် လိုအပ်သည့် အမျိုးသမီး ခြောက်ဦးအား အပတ်စဉ် စနေနေ့တိုင်း နှစ်သိမ့်ဆွေးနွေးပေး လျက်ရှိပြီး ကောင်ဆယ်လာ လေးဦးသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အမျိုးသမီး ဆယ်ဦးအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နှစ်သိမ့်ဆွေးနွေးပေးလျက်ရှိသည်။ ထို့ပြင် ကောင်ဆယ် လာ ငါးဦးသည် အပတ်စဉ် တနင်္လာနေ့တိုင်း ငှက်အော်စမ်း လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းရှိ နှစ်သိမ့်ဆွေးနွေးရန် လိုအပ်နေသော လူငယ် ၁၀ ဦး အား နှစ်သိမ့်ဆွေးနွေးပေးလျက်ရှိသည်။ ဇူလိုင်လတွင်းတွင် ထိုင်းနိုင်ငံ၊ မဲစောက်မြို့ရှိ MHAP အဖွဲ့မှ ကောင်ဆယ်လာ သုံးဦးသည် ရွှေ့ပြောင်းမြန်မာအလုပ်သမား ၁၇ ဦးကို နှစ်သိမ့်ဆွေးနွေးပေးခဲ့သည်။

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့် ရှောက်ရေးအသင်း
တိတ်နိုင်   အတွင်းရေးမှူး   +၆၆(၀)   ၈၁၂   ၈၇၈   ၇၅၁
ဦးဘိုကြည် တွဲဘက်အတွင်းရေးမှူး   +၆၆(၀)   ၈၁၉   ၆၂၈   ၇၁၃
ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ   +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈